# တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံမှ ရွာသူကြီးများဖိုရမ်ကို ယူနန်တွင်ကျင်းပခဲ့

လွန်ခဲ့သောရက်ပိုင်းအချိန်ကာလက လန်ချမ်းမြစ်-မဲခေါင်မြစ်မြစ်ဝှမ်းဒေသ စိုက်ပျိုးရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံမှ ရွာသူကြီးများဖိုရမ်ကို ယူနန်မိုင်းလားခရိုင်တွင် ကျင်းပခဲ့သည်။




ယခုအကြိမ်ကျင်းပသော ဖိုရမ်တွင် "ကျေးရွာအကြား ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ခြင်း၊ အခြေခံလူတန်းစားတောင်သူလယ်သမားများကို အကျိုးဖြစ်ထွန်းစေခြင်း"ဟူသော အဓိကခေါင်းစဉ်အကြောင်းကိုဆွေးနွေးခဲ့ကြသည်။ ဖိုရမ်သည် နိုင်ငံ(၅)နိုင်ငံမှ ရွာသူကြီးများအတွက် ကျေးရွာအကြားအကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ကျေးရွာတည်ဆောက်ရေး၊ စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးမှုရေးစသည့်ကဏ္ဍ၏ ပလက်ဖောင်းကိုထောက်ပံ့ပေးရန်၊ နိုင်ငံ(၅)နိုင်ငံကျေးရွာအကြားဖလှယ်ရေး၊ အတွေ့အကြုံနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုရလဒ်များကိုမျှဝေခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု၏ ရှေးအလားအလာများဖော်ထုတ်ခြင်းစသည့်ကဏ္ဍများကို မြှင့်တင်စေရန်၊ (၅)နိုင်ငံစိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်သွယ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုအပြန်အလှန် ခိုင်မြဲစွာတိုးတက်ဖွံ့ဖြိုးရေးကို လျင်မြန်လာစေနိုင်ရန် ရည်ရွယ်ထားပါသည်။

တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံမှရောက်ရှိလာသောရွာသူကြီးအယောက်တစ်ရာနီးပါး၊ လုပ်ငန်းကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအစိုးရဌာနမှ အရာရှိများက ၎င်းဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ဆွေးနွေးဖလှယ်မှုများကျင်းပခဲ့သည်။ ဖိုရမ်ကျင်းပသည့်အချိန်ကာလအတွင်းတွင် ပြည်တွင်းပြည်ပမှ ကျေးရွာစုစုပေါင်း(၁၁)ခုနှင့် လုပ်ငန်းများက စိုက်ပျိုးရေးလုပ်ငန်းထုတ်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်များကိုချုပ်ဆိုခဲ့ကြသည်။

သတင်းထောက် တိုင်ကျိန်ဟွာ

# အရှေ့တောင်အာရှနိုင်ငံများမှကျောင်းသားကျောင်းသူများသည် တရုတ်နိုင်ငံတွင်အိပ်မက်ကိုအကောင်အထည်ဖော်ဆောင်ကြ

တရုတ်နိုင်ငံပညာရေးဝန်ကြီးဌာနမှ နောက်ဆုံးကောက်ယူသောစစ်တမ်းများအရ ၂၀၁၆ခုနှစ်တွင်တရုတ်နိုင်ငံသို့ လာရောက်ပညာသင်ယူသော နိုင်ငံခြားကျောင်းသားကျောင်းသူများသည်(၄)သိန်း(၄)သောင်းကျော်ရှိခဲ့သည်။ ၂၀၁၂ခုနှစ်နှင့်နှိုင်းယှဉ်လျှင်လူဦးရေ(၄. ၅)သောင်းတိုးမြှင့်လာသည်။ တရုတ်နိုင်ငံသည် အာရှအတွင်း နိုင်ငံခြားကျောင်းသားကျောင်းသူ အများဆုံးလာရောက်ပညာသင်ယူသောနိုင်ငံဖြစ်နေသည်။ အာဆီယံနိုင်ငံများမှ တရုတ်နိုင်ငံသို့ လာရောက်ပညာသင်ယူသော ကျောင်းသားကျောင်းသူ၏ဦးရေသည် ၂၀၁၀ခုနှစ်(၅)သောင်းမှ ၂၀၁၆ခုနှစ် (၈)သောင်းကျော်အထိ တိုးမြှင့်လာသည်။ ပိုမိုများပြားသော အရှေ့တောင်အာရှ ကျောင်းသားကျောင်းသူများသည် မိမိ၏ဘဝရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန် တရုတ်နိုင်ငံတွင် ပညာရည်တိုးမြှင့်လာအောင် သင်ကြားလေ့လာကြသည်။

ဝမ်းကိုက်ကမ်အုံကျောင်းသည် ထိုင်းနိုင်ငံတောင်ပိုင်းပါဆူဖူ Prachuap မြို့တွင် တည်ရှိသည်။ ၎င်းကျောင်းတွင် အထက်တန်းကျောင်းသား ကျောင်းသူတိုင်းသည် နိုင်ငံခြားဘာသာစကား(၅)မျိုးအနက် တစ်မျိုးကိုရွေးချယ်ပြီးလေ့လာသင်ယူရန်လိုသည်။ တရုတ်ဘာသာစကားလေ့လာသင်ယူရန် ရွေးချယ်သော ကျောင်းသားကျောင်းသူများသည် (၄၀)ရာခိုင်နှုန်းခန့်ရှိသည်။ ၎င်းအချိုးမှာ ထပ်မံတိုးမြှင့်လျက်ရှိနေပါသည်။ ၂၀၀၈ခုနှစ်မှစပြီး ယခုအချိန်အထိ ကျောင်းထဲတွင် ကျောင်းသားကျောင်းသူ(၂၀)ကျော်သည် ကွန်ဖြူးရှပ်ကျောင်းပညာသင်ဆုဖြင့် တရုတ်နိုင်ငံသို့ လာရောက်သင်ယူခွင့်ကို အောင်မြင်စွာရရှိခဲ့သည်။

ဝံလီ•အမန်ထာရာခွန်သည်အဆိုပါကျောင်းမှ တရုတ်နိုင်ငံသို့လာရောက်ပညာသင်ယူခွင့်ရရှိသော ဒုတိယအသုတ်ထူးချွန်သည့် ကျောင်းသူကိုယ်စားလှယ်ဖြစ်သည်။ ၂၀၁၆ခုနှစ်တွင် သူသည် ထျမ်းကျင် ဆရာအတတ်သင်တက္ကသိုလ်တွင် အပြည်ပြည်ဆိုင်ရာ တရုတ်ဘာသာစကားပို့ချသင်ကြားရေး မဟာဘွဲ့အတန်းကိုအောင်မြင်ခဲ့သည်။ ယခုနှစ်ဖေဖော်ဝါရီလ၌ ထိုင်းနိုင်ငံချွန်စီတိန်တက္ကသိုလ်လေကြောင်းဌာနတွင် အလုပ်ဝင်လုပ်ခဲ့ပြီး လေကြောင်းလိုင်းဝန်ထမ်းများအတွက် တရုတ်ဘာသာစကားကို သင်ကြားပေးသည်။ သူက တရုတ်စာဆရာမဖြစ်ချင်သည့် အိပ်မက်ကိုအကောင်အထည်ဖော်ဖြစ်မြောက်ခဲ့သည်။

၂၀၁၆ခုနှစ်တွင် နိုင်ငံ(၁၈၃)နိုင်ငံမှရောက်ရှိလာသော ကျောင်းသားကျောင်းသူ(၄. ၉)သောင်းကျော်သည် တရုတ်နိုင်ငံအစိုးရ ပညာသင်ဆုကို ရရှိခဲ့သည်။ တရုတ်နိုင်ငံတွင် လာရောက်ပညာသင်ယူသော ကျောင်းသားကျောင်းသူ ဦးရေစုစုပေါင်း၏(၁၁%)ရှိသည်။ တရုတ်နိုင်ငံအစိုးရ ပညာသင်ဆုအပြင်၊ ကွန်ဖြူးရှပ်ပညာသင်ဆု၊ တရုတ်နိုင်ငံပြည်နယ်အသီးသီးမှ မြို့တော်ဝန်အစိုးရပညာသင်ဆု၊ ကျောင်းပညာသင်ဆုစသည်တို့သည် အရှေ့တောင်အာရှကျောင်းသားကျောင်းသူများက တရုတ်နိုင်ငံသို့ လာရောက်ပညာသင်ကြားနိုင်ရန်အတွက် တည်ဆောက်သော "အိပ်မက်တံတားကြီး" ကဲ့သို့ပင်ဖြစ်ပါသည်။

ကမ္ဘောဒီးယားတော်ဝင်သုတေသနဌာန၏ ကွန်ဖြူးရှပ်ကျောင်းမှ ကမ္ဘောဒီးယားကျောင်းအုပ်ကြီး ရှဲမော်နီလဲသည် သတင်းထောက်အားထိုကဲ့သို့ပြောကြားသည်။ တရုတ်နိုင်ငံအစိုးရပညာသင်ဆုဖြင့် ကမ္ဘောဒီးယားကျောင်းသားကျောင်းသူအများအပြားသည် တရုတ်နိုင်ငံသို့သွားရောက်ပြီး ပညာသင်ကြားခွင့်ရရှိကြသည်။ ၎င်းသည်ကမ္ဘောဒီးယား၊ တရုတ်နိုင်ငံချစ်ကြည်ရေးမျိုးစေ့ကို ပြန့်ပွားပေးခြင်းပင်ဖြစ်သည်။ ပြည်သူလူထုတို့ စိတ်ချင်းချိတ်ဆက်ခြင်းသည် "တစ်ဇုန်တစ်လမ်း" အဆိုပြုချက်အရ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၏ အရေးကြီးသော အချက်ပင်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများမှ ကျောင်းသားကျောင်းသူများက တရုတ်နိုင်ငံသို့လာရောက်ပြီး ပညာသင်ယူခြင်းသည် ပြည်သူလူထုစိတ်ချင်းချိတ်ဆက်ခြင်းအတွက် အကောင်းဆုံးသော ထောက်ပံ့ပေးမှုတစ်ရပ်ဖြစ်သည်။

(ပြည်သူ့သတင်းစာ)

# ယူနန်တွင် ၂၀၁၆ခုနှစ်ကတည်းက ပြည်နယ်ဦးစီးဌာနအဆင့် ရုံးအမှုထမ်း(၄၅)ဦးကို စစ်ဆေးအရေးယူခဲ့

ယူနန်ပြည်နယ် စည်းကမ်းစစ်ဆေးရေး ကော်မတီနှင့် ပြည်နယ်ကြီးကြပ်ကွပ်ကဲရေးဌာနမှ ဝပ်ဆိုက်သတင်းအရ ၂၀၁၆ခုနှစ်ကတည်းက ယူနန်တွင်ပြည်နယ်ဦးစီးဌာနအဆင့် ရုံးအမှုထမ်း(၄၅)ဦးကို စည်းကမ်းကြပ်မတ်စွာ စစ်ဆေးအရေးယူခဲ့ကြောင်းသိရသည်။ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအင်အားသည် အဆက်မပျက် တိုးမြှင့်လာပြီး မကောင်းမှုပြုသူများအား အလွန်ထိတ်လန့်ကြောက်ရွံ့စေခဲ့သည်။

ရေရှည်အချိန်ကာလအတွင်းတွင် ယူနန်သည် ဘက်စုံမှပါတီဝင်များကို ကြပ်မတ်စွာအုပ်ချုပ်ပြီး စည်းကမ်းစစ်ဆေးရေးဌာနများက အဓိကစစ်ဆေးသောအရာများကို ထင်ရှားပေါ်လွင်စေသည်။ ကွန်မြူနစ်ပါတီ(၁၈)ကြိမ်မြောက်တစ်နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကိုကျင်းပပြီးနောက်တွင် အကျင့်ဆက်လက်ပျက်ပြားနေသော၊ ဆက်လက်ပြီး အကျင့်ပျက်ခြစားမှုများကို လုပ်ဆောင်နေသော၊ ပြဿနာပြန်ကြားမှုကိုဦးတည်နေသော၊ ပြည်သူလူထုအများအပြားက ဖော်ညွှန်းနေသော၊ ယခုလက်ရှိတွင် အရေးပါရာထူးတွင် တာဝန်ထမ်းဆောင်နေသော၊ နောက်နောင်တွင်ရာထူးထပ်မံတိုးမြှင့်နိုင်စွမ်းရှိသူများကိုအထူးဂရုပြုနေပါသည်။

ယူနန်သည်စည်းကမ်းကြပ်မတ်မှု၊ ကြီးကြပ်ရေးလမ်းကြောင်းများကို အဆက်မပျက်တိုးချဲ့နေသည်။ "ပြည်နယ်အဆင့်အစိုးရဝန်ထမ်း အကျင့်ပျက်ခြစားမှုမရှိသော ဖိုင်လ်မှတ်တမ်းစနစ်" တည်ဆောက်ရေးကိုခိုင်မာစွာမြှင့်တင်နေသည်။ "လုံးဝသည်းမခံခြင်း" စိတ်သဘောထားဖြင့် ပါတီစည်းကမ်းကြပ်မတ်ရေးအရ အကျင့်ပျက်ခြစားမှုတစ်ခုပေါ် သိလာပါက၊ ၎င်းအမှုကိုချက်ချင်းစစ်ဆေးခြင်း၊ လုံးဝသည်းမခံပါ၊ လျှော့မပေးပါ။ ထို့အတူ လူအများသိရှိစေရန် အကြောင်းကြားစာဖြန့်ဝေခြင်းဖြင့် အကျင့်ပျက်ခြစားသူများအား ထိတ်လန့်ကြောက်ရွံ့သွားအောင် ဆောင်ရွက်သွားနေသည်။ ပြည်နယ် စည်းကမ်းစစ်ဆေးရေးကော်မတီသည် စံနမူနာကျသောအမှု၏လေ့လာသုံးသပ်မှုများကို လုပ်ဆောင်ပြီး ဆန့်ကျင်မှုသဘောဆောင်သော ပညာပေးအမှုများအဖြစ်ပါတီဝင်များကို သတိပေးသည်။

(ကြုံရှင်ဝပ်)

ဓာတ်ပုံသတင်း



(၃)ရက်ကြာစွာ ယှဉ်ပြိုင်ပြီးနောက် တရုတ်နိုင်ငံဖူအော်လက်ဖက်ခြောက်အချောကိုင်ခြင်း၊ လက်ဖက်အရည်အသွေးပြိုင်ပွဲ၊ လက်ဖက်အနုပညာပြိုင်ပွဲတွင် ဧပြီလ(၁၉)ရက်နေ့၌ ရရှိသောဆုများကို ကြေငြာထုတ်ပြန်ခဲ့သည်။ ယခုအကြိမ်ဖူအော်လက်ဖက်အချောကိုင်ခြင်း၊ လက်ဖက်ပြိုင်ပွဲတွင် စုစုပေါင်းလက်ခံယှဉ်ပြိုင်သော လက်ဖက်အမျိုး(၁၀၁)ခုရှိသည်။ အချောကိုင်လုပ်ငန်းပြိုင်ပွဲတွင် စိုက်ချင်လက်ဖက်ခြောက် (crude tea) လက်မှုထုတ်လုပ်ခြင်း၊ ဖူးအော်လက်ဖက်အကျပ်ဖိခြင်း(စက်၊ကျောက်စုံ)၊ ဖူအော်လက်ဖက်ထုတ်ပိုးခြင်းစသည့်ကဏ္ဍ(၃)ရပ်ပါဝင်သည်။ လက်ဖက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော လက်ဖက်များသည် ၂၀၁၇ခုနှစ်ရှေးဟောင်းပင်မှ အခြောက်လှန်းသော လက်ဖက်စိမ်း၊ အခြောက်လှန်းသော အော်ဂဲနစ်လက်ဖက်စိမ်း၊ (၁၀)နှစ်ကြာသိမ်းသိုထားသော အကျပ်ဖိဖူအော်လက်ဖက်ခြောက်ဖြစ်ပြီး၊ အထူးခြားနားသော ဆွဲဆောင်မှုရှိသော ဖူအော်လက်ဖက်ခြောက်ခံစားမြည်းကြည့်သော အနုပညာများကိုထုတ်ဖော်ကြသည်။

သတင်းထောက် ချိန်ဟောင်း